အဲဒီဆိုရိုးစကားတွေကို ရှင်းရှင်းလင်းလင်းသိရှိနားလည်ပြီးတော့ ပြန်လည်ရေးသားတတ်ရမှာ ဖြစ်ပါတယ်။ သံဝရပျို့မှာ အလင်္ကာများ၊ ဆိုရိုးများသာမက အလွန်နှစ်သက် စွဲမက်ဖွယ်ကောင်းတဲ့ အဖွဲ့ကောင်းများကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

ငါးတွေဟာ သူတို့ဘာသာဘာဝအလိုက် တံငါက ကွန်ကို ကြပါဖြန့်ပါမှ ဝင်လာတတ်ကြပါတယ်။ တံငါသည်က ကွန်ကို မကြဲမဖြန့်ဘဲ ကိုင်ဆုပ်ထားရင် ငါးတွေက ဝင်မလာတတ်ပါဘူး။ အဲဒီလိုပဲ လူတွေကို လက်ဆောင်ပစ္စည်းပေးခြင်းဖြင့် လူတွေရဲ့ချစ်ခြင်းမေတ္တာ၊ လူတွေရဲ့ခင်မင်မှု အဲဒါတွေကို အလွယ်တကူ ရရှိနိုင်မယ်။ ဒီသဘောသဘာဝတွေကို ဆရာတော်ရှင်မဟာရဋ္ဌသာရက "ငါးတို့ဘာသာ၊ တံငါကွန်စွန့်၊ ပစ်ကြဲဖြန့်မှ၊ ဝင်လာကြ၏၊ ကွန်ကိုတံငါ၊ ကိုင်ဆုပ်ငှာလျှင်၊ တီမှာ ငါးများ၊ ဝင်လာပြားအံ့"။ "သစ်သီးသစ်ပွင့်၊ လက်ဆောင်ဖြစ်လျှင်၊ ချစ်ခွင့်လွယ်ကူ၊ မြို့လုံးချူ" စသည်ဖြင့် ရေးဖွဲ့ထားလို့ ဒီအဖွဲ့ကောင်းတွေကို ထုတ်နုတ်ပြီးတော့ လေ့လာကျက်မှတ်ထားဖို့၊ ပြေပြေပြစ်ပြစ် ချောချောမွေ့မွေ့ စကားပြေနဲ့ ပြန်လည်ပြီး ရေးသားနိုင်ဖို့ ကျင့်ထားရမှာ ဖြစ်ပါတယ်။

နောက်လေ့လာရမဲ့ အချက်တစ်ချက်ကတော့ ပျို့လာ အသုံးအနှုန်း စကားလုံးများ ဖြစ်ပါတယ်။ သံဝရပျို့ဟာ အင်းဝခေတ်မှာပေါ်ထွန်းခဲ့တဲ့ ပျို့ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အင်းဝခေတ်သုံး စကားလုံးများကို တွေ့ရပါတယ်။ တစ်နည်းအားဖြင့် ရှေးသုံးစကားလုံးများ ပါဝင်နေတာကို တွေ့ရပါတယ်။ အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်။

"မျက်ချစ်"၊ မရွံမရှာ" "ဆိတ်ညံ" "ပြယာယ်" "ခိုင်းပယ်" ဆိုပြီးတော့ ဒီစကားလုံး ငါးလုံးကို သာဓကအနေနဲ့ပြပါမယ်။ ဒီစကားလုံးတွေရဲ့ အဓိပ္ပာယ်ကို သိဖို့လိုပါတယ်။ "မျက်ချစ်" ဆိုရင် နှစ်သက်မြတ်နိုးသည်၊ မေတ္တာရှိသည်။ "မရွံမရှာ" ရဲ့ အဓိပ္ပာယ်ကတော့ မကြောက်မလန့် ဖြစ်တယ်။ "ဆိတ်ညံ" ဆိုတာဟာ တိတ်ဆိတ်တာကို ဆိုလိုတယ်။ "ပြယာယ်"ဆိုတာဟာ သွယ်ဝိုက်ပြောဆိုခြင်း ဖြစ်တယ်။ "ခိုင်းပယ်" ဆိုတာ စေခိုင်းတယ်ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်ပါတယ်။ အဲဒီအသုံးအနှုန်းတွေရဲ့ အနက်အဓိပ္ပာယ်တွေကို သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။

အခု သံဝရပျို့ရဲ့ မေးခွန်းပုံစံကို ရှင်းပြပါမယ်။ သံဝရပျို့ မေးခွန်းဖြစ်တဲ့ မေးခွန်း(၂)မှာ ပုဒ်ခွဲ(၂) ခု ပါဝင်ပါတယ်။ ၂(က) မှာ ပျို့စာကိုယ်လာ စာပိုဒ်တွေကို ရှင်းပြရမှာ ဖြစ်တယ်။ ၂(ခ)မှာတော့ ဇာတ်ဆောင်အလိုက် ဇာတ်ခန်းအလိုက် ပျို့တစ်စောင်လုံးအလိုက် အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ သုတရသသင်ခန်းစာတွေကို မေးမှာဖြစ်တယ်။ ပြဟ္မဒတ်မင်းကြီး၏ဂုဏ်ရည်၊ အနှစ်သက်ဆုံးအခန်း၊ ရသမြောက်အဖွဲ့များ၊ ဖခင်နှင့်သားတို့၏ နှစ်လိုဖွယ်ဆက်ဆံရေး၊

